*Burmese*

# Tuberculosis medications

## Fixed dose combinations

You are about to start a course of treatment for tuberculosis disease (TB). You will need to take the medicine as recommended by your doctor.

TB can be cured in almost all cases by taking your medication without interruption.

If taken correctly this medicine can reduce your risk of developing TB disease.

You will be allocated a TB case manager (nurse) from the Anita Clayton Centre who will help monitor your treatment.

### Fixed dose combination medications

Your medication will include a combination of different antibiotics combined in the one tablet. This is called 'fixed dose combination' medication.

The fixed dose combination tables will be supplied either as:

- a four-drug combination in one tablet of **isoniazid, rifampicin, pyrazinamide** and **ethambutol**

or

- a two-drug combination in one tablet of **rifampicin** and **isoniazid**.

**Take these tablets on an empty stomach**; at least one hour before or two hours after a meal.

Swallow each tablet whole with a drink of water.

# တီဘီဆေးများ

## ရောနှောပေါင်းစပ်ဆေးများ

အဆုတ်နာ (တီဘီ) ရောဂါအတွက် ကုသဆေးကို သင် စသောက်ရပါမည်။ သင့်ဆရာဝန် ညွှန်ကြားထားသည့်အတိုင်း ဆေးသောက်သုံးရန် လိုအပ်ပါသည်။

ဆေးကို ပြတ်လတ်မှုမရှိဘဲ သောက်ခြင်းဖြင့် လူနာတိုင်းနီးပါးသည် တီဘီရောဂါ ပျောက်ကင်းနိုင်သည်။

မှန်ကန်စွာ ဆေးသောက်ပါက တီဘီရောဂါ ဖြစ်နိုင်ခြေကို နည်းပါးစေနိုင်ပါသည်။

သင့်ကုသမှုကို စောင့်ကြည့်ကူညီပေးမည့် အန်နီတာကလေတန် ဆေးခန်းမှ တီဘီကုသမှုတာဝန်ခံ (သူနာပြု) ကို သင့်အတွက် တာဝန်ချထားပေးပါမည်။

### ရောနှောပေါင်းစပ်ဆေးများ သောက်ခြင်း

သင် ဆေးသောက်ရာတွင် ပိုးသတ်ဆေးများစုံပေါင်းစပ်ထားသော ဆေးလုံး သောက်ရပါမည်။ ၎င်းကို ' ရောနှောပေါင်းစပ်ဆေးများ' ဟု ခေါ်ပါသည်။

ရောနှောပေါင်းစပ်ဆေးများကို အောက်ပါအတိုင်း ပေးပါမည်။

- **အိုင်ဆိုနီယာဇစ်၊ ရိုင်ဖမ်ပိုင်စင်၊ ပိုင်ရာဇင်နမိုဒ်နှင့် အီသမ်ဗျူတော** ဆေးလေးမျိုးပါသည့် ဆေးပြား

သို့မဟုတ်

- **ရိုင်ဖမ်ပိုင်စင်နှင့် အိုင်ဆိုနီယာဇစ်** ဆေးနှစ်မျိုးပါသည့် ဆေးပြား

**ဤဆေးပြားများကို အစာနှင့် ဝေးဝေးသောက်ပါ**၊ အစာမစားမီ အနည်းဆုံး တစ်နာရီ သို့မဟုတ် အစာစားပြီး နှစ်နာရီအကြာ။

ဆေးပြားတစ်ပြားလုံး ရေနှင့် သောက်ပါ။

## General information

**You must take all the medicine each day and inform your TB case manager as soon as possible if you miss any.**

**Do not stop taking your medications** even when you feel better. Failure to take your medicine as prescribed can lead to bacterial resistance and/or treatment failure.

Avoid drinking alcohol as it may cause side effects.

This medication may reduce the effectiveness of the contraceptive pill. A second form of contraception may be indicated and should be discussed with your GP.

Rashes and photosensitivity (i.e. sunburn) can occur, so you should avoid unnecessary or prolonged exposure to sunlight and wear protective clothing, sunglasses and sunscreen.

It is normal for your urine, saliva or tears to become orange coloured. Soft contact lenses may also become stained and it is advisable to avoid wearing them while taking the medicine.

**All medicine for TB treatment is supplied free of charge from the TB clinic**

## Side effects

Contact your case manager **immediately** if you experience any of the following:

- Any change to your vision
- Decreased appetite for food.
- Upset stomach or stomach cramps.

## အထွေထွေ သတင်းအချက်အလက်

**နေ့စဉ် ဆေးအားလုံး သောက်ရမည်ဖြစ်ပြီး၊ ဆေးသောက်ရန် ပျက်ကွက်ပါက တီဘီရောဂါ ဆေးကုသမှုတာဝန်ခံထံ အမြန်ဆုံး အကြောင်းကြားရမည်။**

ရောဂါ သက်သာလာသော်လည်း **ဆေးသောက်ခြင်းကို မရပ်တန့်ရ**။ ညွှန်ကြားထားသည့်အတိုင်း ဆေးသောက်ရန် ပျက်ကွက်ပါက ပိုးများဆေးယဉ်ပါးခြင်း နှင့်/သို့မဟုတ် ဆေးကုသမှုမအောင်မြင်ခြင်း ဖြစ်နိုင်ပါသည်။

ဘေးထွက်ဆိုးကျိုး ဖြစ်စေနိုင်သောကြောင့် အရက်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

ဤဆေးသည် သန္ဓေတားဆေးအာနိသင်ကို လျော့နည်း စေနိုင်သည်။ သန္ဓေတားနည်း နောက်တစ်မျိုး ရှိနိုင်ပြီး သင့်ဆရာဝန်နှင့် ဆွေးနွေးပါ။

အဖုအပိမ့်များနှင့် နေရောင်မခံနိုင်ခြင်း (ဥပမာ - နေလောင်ခြင်း) ဖြစ်ပွားနိုင်သောကြောင့် နေရောင်ခြည်နှင့် မလိုအပ်ဘဲ ကြာရှည် ထိတွေ့ခြင်းကို ရှောင်ကြဉ်ပြီး၊ အကာအကွယ် အဝတ်အစားများ၊ နေကာမျက်မှန်များနှင့် နေကာဆေးရည်များ သုံးသင့်ပါသည်။

ဆီး၊ တံတွေး သို့မဟုတ် မျက်ရည်များ အဝါရောင်သမ်းလာခြင်းမှာ ပုံမှန်ပင် ဖြစ်ပါသည်။ မျက်ကပ်မှန်အပျော့များတွင် စွန်းထင်းလာနိုင်ပြီး ဆေးသောက်နေစဉ် မျက်ကပ်မှန်အပျော့သုံးခြင်းကို ရှောင်ကြဉ်ရန် အကြံပြုလိုပါသည်။

**တီဘီကုသမှုအတွက် ဆေးဝါးအားလုံးကို တီဘီဆေးခန်းမှ အခမဲ့ ပေးပါသည်။**

## ဘေးထွက်ဆိုးကျိုးများ

အောက်ပါတို့ တစ်ခုခု ဖြစ်ပါက သင့်ဆေးကုသမှုတာဝန်ခံထံ **ချက်ချင်း** ဆက်သွယ်ပါ။

- အမြင်အာရုံ ပြောင်းလဲခြင်း
- အစာအသောက် ပျက်ခြင်း
- လေထိုးလေအောင့်ခြင်း သို့မဟုတ် ဗိုက်အောင့်ခြင်း။

- Irritability, fatigue and lack of concentration.
- Mild flushing, itching, rash or worsening ache.
- Tingling or numbness in hands or feet.
- Fever.
- Head, muscle or joint aches.
- Severe weakness or tiredness.
- Easy bruising or bleeding.
- Yellowing of skin or eyes.

## Regular medical visits

While you are taking TB treatment, you will be required to attend regular visits at the TB clinic to:

- check your weight and general health
- check for any side effects from the medicines
- check you are taking the medicines correctly
- collect further supply of the medicines.

## Precautions

Inform your TB doctor of your past medical history and if you are taking any additional medication (including over the counter medications) and if your medications change.

Be sure to inform your other doctor(s) that you are being treated for TB using this medicine.

**Notify your doctor or case manager if you become pregnant while on this medication.**

Keep your medication out of reach of children in a cool, dry place.

· စိတ်ဆိုးလွယ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အာရုံမစူးစိုက်နိုင်ခြင်း
· အရေပြား နီမြန်းခြင်း၊ ယားယံခြင်း၊ အဖုအပိမ့်ထခြင်း သို့မဟုတ် ပိုဆိုးလာသော ကိုက်ခဲမှု
· လက် သို့မဟုတ် ခြေတွင် စပ်ဖျဉ်းဖျဉ်းဖြစ်ခြင်း သို့မဟုတ် ထုံကျင်ခြင်း
· ဖျားခြင်း
· ခေါင်း၊ ကြွက်သား သို့မဟုတ် အဆစ်များ ကိုက်ခဲခြင်း
· ပြင်းထန်စွာ အားနည်းခြင်း သို့မဟုတ် ပင်ပန်းနွမ်းနယ်ခြင်း။
· ပွန်းပဲ့ခြင်း သို့မဟုတ် သွေးထွက်လွယ်ခြင်း။
· အရေပြား သို့မဟုတ် မျက်လုံးများဝါခြင်း။

## ဆေးခန်း မှန်မှန်ပြသခြင်း

သင်သည် တီဘီရောဂါဆေးသောက်နေစဉ် အောက်ပါတို့အတွက် တီဘီဆေးခန်းသို့ မှန်မှန် ပြသရန် လိုအပ်သည်-

· သင့်ကိုယ်အလေးချိန်နှင့် အထွေထွေကျန်းမာရေးကို စစ်ဆေးရန်
· ဆေး၏ဘေးထွက်ဆိုးကျိုးရှိမရှိ စစ်ဆေးရန်
· ဆေး မှန်ကန်စွာသောက်နေကြောင်း စစ်ဆေးရန်
· ဆေးဝါးများ ထပ်မံရယူရန်

## ကြိုတင်သတိပေးချက်များ

သင်၏ ယခင်ကျန်းမာရေးရာဇဝင်ကို တီဘီဆရာဝန်ထံ ပြောပြပြီး သင်သောက်နေသော (ဆေးစာလွတ် ဝယ်သောက်သောဆေးများ အပါအဝင်) အခြားဆေးများနှင့် သင့်ဆေးအပြောင်းအလဲများ အကြောင်းကြားပါ။

သင်သည် ဤဆေးကို အသုံးပြုပြီး တီဘီရောဂါ ကုသနေရကြောင်း သင်၏ အခြားဆရာဝန်(များ)အား အသိပေးပါ။

**ဤဆေး သောက်နေစဉ် ကိုယ်ဝန်ရှိလာပါက သင့်ဆရာဝန် သို့မဟုတ် တီဘီကုသမှုတာဝန်ခံကို အကြောင်းကြားပါ။**

သင့်ဆေးကို ကလေးလက်လှမ်းမမီနိုင်သည့် အေး၍ ခြောက်သွေ့သောနေရာတွင် ထားပါ။

Government of **Western Australia**
**North Metropolitan Health Service**
**Mental Health, Public Health and Dental Services**

## Western Australian Tuberculosis Control Program

1/311 Wellington Street Perth 6000

Phone 9222 8500

Fax: 9222 8501

Email: ACCadmin@health.wa.gov.au

Opening hours: 8:15-4:15 Monday to Friday (closed weekends and public holidays)

We are proud to be a smoke-free site.

Thank you for not smoking or vaping in any buildings or on our grounds.

This document can be made available in alternative formats on request.

© North Metropolitan Health Service 2023

WATBCP TB Medication Fixed Dose Combination - FDC V1.0 - May 2024

## Western Australian Tuberculosis Control Program

1/311 Wellington Street Perth 6000

Phone 9222 8500

Fax- 9222 8501

Email- ACCadmin@health.wa.gov.au

ဆေးခန်းဖွင့်ချိန်- ၈း၁၅-၄း၁၅ တနင်္လာနေ့မှ သောကြာနေ့အထိ (စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် ပိတ်သည်)

ဆေးလိပ်ငွေ့ကင်းစင်သော နေရာတစ်ခုအဖြစ် မိမိတို့ ဂုဏ်ယူပါသည်။
ဆေးလိပ်မသောက်ခြင်း သို့မဟုတ် ဆေးလိပ်ငွေ့မရှူခြင်း အတွက် ကျေးဇူးတင်ပါသည်။

တောင်းဆိုပါက ဤစာတမ်းကို အခြားပုံစံများဖြင့်လည်း ရနိုင်သည်။

© North Metropolitan Health Service 2023

WATBCP TB Medication Fixed Dose Combination - FDC V1.0 - May 2024